mgyoe.com

# ဂဝန

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ဇဝန
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၁၂ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဝတ္ထုတို ၅ ပုဒ်

## ဇဝန

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ



| | | |
|---|---|---|
| ၁။ | တစ်ညချမ်းဝယ် | ၁ |
| ၂။ | ပန်းတွေဝေလို့ | ၂၇ |
| ၃။ | မဟာပုလင်းကြီး | ၅၇ |
| ၄။ | ဟဲ့ကြောင် ညောင်ညောင် | ၆၈ |
| ၅။ | အရုပ်ဆိုးမ | ၉၂ |


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# တစ်ညချမ်းဝယ်

ညနေစောင်းကတည်းကပင် မိုးတစိမ့်စိမ့် ရွာသွန်းလျက်ရှိကာ ပိန်းမှောင်နေသော အာကာသကို ဖောက်ထွင်း ဝင်းလက်လိုက်သည့် လျှပ်စစ်နှင့်အတူ မြည်ဟိန်းသွားသော မိုးချုန်းသံမှာ ကောင်းကင်အပေါ်ထပ်က သံတလိမ့်လုံးကြီးကို လှိမ့်ဆွဲလိုက်သလိုရှိပေ၏။

ဒေါက်တာသင်းကြည်သည် အိမ်ရှေ့ခန်းတွင်ထိုင်၍ စာဖတ်နေရာက အဆက်မပြတ် မိုးရေပက်နေသည့် မှန်ပြတင်းများကို တစ်ချက်တစ်ချက် လှမ်း၍ကြည့်မိရင်း သည်ညအဖို့တော့ဖြင့် ဘယ်ကမျှ အရေးတကြီးကိစ္စဖြင့် လာရောက်ခေါ်ငင်ခြင်းမရှိစေနှင့်ဟု စိတ်ထဲက ကျိတ်၍ ဆုတောင်းမိလေသည်။

၉ နာရီအချိန်လောက်သို့ ရောက်လာခဲ့ပေပြီ။ ထိုအချိန်အထိ ဘယ်ကမျှ အခေါ်ရောက်မလာသဖြင့် ထိုညအဖို့ အပြင်ထွက်ရန် အကြောင်းမပေါ်တော့ဘဲ နွေးနွေးထွေးထွေး အိပ်ရပေတော့မည်ဟု စိတ်ချမ်းသာသွားလေသည်။

mgyoe.com

ထိုအခိုက်မှာပင် တယ်လီဖုန်းခေါ်သည့် ခေါင်းလောင်းသံကြားရသဖြင့် စာအုပ်ချပြီး ထိုင်ရာမှထကာ တယ်လီဖုန်းရှိရာသို့သွား၍ စကားပြောခွက်ကလေးကို ကောက်ယူနားထောင်လိုက်ရလေသည်။

တယ်လီဖုန်းထဲမှ ပြောနေသည့်အသံမှာ မိမိအသိထဲက မဟုတ်သော ယောကျ်ားတစ်ယောက်၏ အသံဖြစ်ပြီးလျှင် တုန်တုန် ယင်ယင်နှင့်မပြတ်မသားရှိသောကြောင့် ဂရုစိုက်၍ နားထောင်နေရလေ၏။

"ဒေါက်တာ...ဒေါက်တာ... ကျွန်တော်ပြောနေတာ ကြားရဲ့မဟုတ်လား။ ကျေးဇူးပြုပြီးတော့ အမြန်ဆုံးဆက်ဆက်လာပါ ဒေါက်တာရယ်... အသက်တစ်ချောင်းကို ကယ်ပါ ဒေါက်တာ"

စကားပြောနေသူ၏အသံမှာ တည်ငြိမ်ခြင်းမရှိဘဲ စိတ်ထဲ၌ အလွန်လှုပ်ရှားနေခြင်းကို ဖော်ပြနေလေသည်။ ထိုသို့ပြောနေရင်းက တစ်ချက်တစ်ချက် အမောဖြေသကဲ့သို့ ရပ်ဆိုင်း ရပ်ဆိုင်းသွားသည်။ ထိုသူ၏ အသနားခံနေသည့်စကားအရ အလောသုံးဆယ် အရေးတကြီးဖြစ်နေပုံရလေသည်။

ဤအချိန် ဤအခါမျိုးတွင် ရိုးရိုးကိစ္စနှင့်ပင် အပြင်သို့ထွက်ရန်မကောင်းလှပေ။ ယခုသွားရမည့်နေရာမှာ လူသူအသွားအလာပြတ်သော ကန်တော်ကြီးစောင်းရှိ ပတ်လမ်းမှ ဝင်ရသော ဖိုးစိန်လမ်း ခေါ်သည့် တာမွေလမ်းရှိ အိမ်တစ်အိမ်ဖြစ်နေပြန်လေရာ သာ၍ပင် သွားရန်မတော်၊ စိတ်ကူးထဲ၌ပင် မထည့်စကောင်းပေ။

ထိုလမ်းထဲရှိ ကွယ်လွန်သူ စစ်ကဲကြီး ဦးဖေသော် နေထိုင်သွားသည့် အိမ်ကြီးမှာ အလွန် တစ္ဆေခြောက်သည်ဟု သတင်းကြီးလေရာ ဒေါက်တာသင်းကြည်သည် တစ္ဆေသရဲကို ယုံကြည်သူတစ်ယောက်မဟုတ်သော်လည်း ထိုအိမ်ကြီးအနီးသို့ ရောက်သည့်အခါတိုင်း စိတ်ထဲတွင် မသိုးမသန့် ဖြစ်ခဲ့ရဖူးလေသည်။

mgyoe.com

mgyoe.com


ထိုအိမ်ကြီးမှာ နှစ်ဆောင်ပြိုင် တိုက်ခံပျဥ်ထောင်အိမ်ဖြစ်၍ ရှည်ရှည်လျားလျားနေသောကြောင့် အိမ်ကြီးကိုယ်ကပင် ကြောက်စရာကောင်းနေသည်။ အိမ်မျက်နှာစာအထက်ပိုင်းရှိ ဘဲဥပုံမှန်ပြတင်းပေါက်နှစ်ဖက်မှာ လူ့မျက်လုံးနှင့်တူလျက် နှစ်ဆောင်ပြိုင် အလယ်တည့်တည့်မှ ဆင်ဝင်နှင့် အိမ်ရှေ့ခန်းမှာ လူ့နှာခေါင်းကြီးကဲ့သို့ ရှိသည်။ ယခုဒေါက်တာသင်းကြည်သည် တနင်္ဂနွေ တစ်ပတ် နှစ်ပတ်ထက် ပို၍နေထိုင်သူ မမြဲသော ထိုအိမ်ကြီးရှိသည့် လမ်းထဲသို့ သွားရမည်ဖြစ်၍ စိတ်လေးမိသည်။

"ခေါ်တဲ့လူကလည်း ငါ့ပဲ ခေါ်စရာရှိသလား"

ဒေါက်တာသင်းကြည်သည် ထိုသို့ စိတ်ထဲက မေးခွန်းထုတ်လိုက်ရာမှ အမှန်ပင် ထိုအနီးအပါးတစ်ဝိုက်တွင် ဆရာဝန်ဆို၍ မိမိတစ်ယောက်သာရှိသည်ကို အဖြေထွက်၍လာလေသည်။

ဆရာဝန်ဆိုသည်မှာ အချိန်တော်သည်၊ မတော်သည်ကို ရွေး၍နေခွင့်မရ။ အရေးတကြီးအကြောင်းရှိ၍ ခေါ်လျှင် သွားရမြဲပင်ဖြစ်၏။ ဒေါက်တာသင်းကြည်သည် သူ၏ မွန်မြတ်သောအလုပ်ကို အလွန်နှစ်သက်မြတ်နိုးသည်။ ကျောင်းမှထွက်စဉ်က သူ ပန်ဆင်ခဲ့ရသောသစ္စာအဓိဋ္ဌာန်ကို သူ အမြဲစောင့်ထိန်းခဲ့သည်။ ကျောင်းမှထွက်၍ ဆေးရုံကြီး၌ ဝင်ရောက်လုပ်ကိုင်ခဲ့ရပြီးနောက် နှစ်စေ့၍ ဆေးရုံကြီးမှထွက်ကာ ကိုယ့်လုပ်ငန်းကိုယ် လုပ်ကိုင်ရသည့်အခါတွင် လွတ်လပ်မှု၏အရသာကို ခံယူခဲ့ရသည်။ သို့သော် ယခုကဲ့သို့ အချိန်မတော် သွားရလာရမည့်အလုပ် ပေါ်လာသည့်အခါ ဆေးရုံကြီးသို့ပြန်၍ အလုပ်လုပ်နေချင်မိတော့သည်။

ယခုမူကား မိမိအား ခေါ်ငင်သည့်နေရာသို့ မသွားလျှင်မဖြစ်သကဲ့သို့ရှိနေသည်။ ထိုကိစ္စမှာ အသက်နှင့်နီးစပ်သည့်ကိစ္စဖြစ်နေရာ

mgyoe.com

mgyoe.com

အသက်တစ်ချောင်းကို တတ်စွမ်းသမျှ ကယ်ဆယ်ရန်မှာ မိမိ၏ ဝတ္တရား တစ်ခုဖြစ်နေပေသည်။

သို့ဖြစ်၍ ဒေါက်တာသင်းကြည်သည် လက်ဆွဲသားရေအိတ်ထဲတွင် ဆေးပစ္စည်းများကို ထည့်ကာ မိုးကာအင်္ကျီ အပျော့ကလေးကို ကမန်းကတန်းဆွဲငင်ဝတ်လျက် ညနေကပင် ကားဒရိုင်ဘာကို ပြန်၍ လွှတ်လိုက်ပြီဖြစ်သောကြောင့် ကိုယ်တိုင်ကားမောင်းပြီး ထွက်ခဲ့ရလေသည်။

လမ်းတွင်ကား လူသွားလူလာကင်းလျက် လူခြေတိတ်နေပြီဖြစ်သည့်ပြင် အိမ်များမှာ တံခါးပိတ်ထားကြပြီဖြစ်သောကြောင့် အင်အားချည့်နဲ့သော လမ်းဓာတ်မီးအလင်းရောင်ရှိသည့်နေရာမှတစ်ပါး မှောင်မည်း၍နေတော့၏။ ဖိုးစိန်လမ်းထဲသို့ ကားကလေး ချိုး၍ဝင်လိုက်သည့်အခါ၌ကား သစ်ပင်များ အုပ်နေသည့်အတွက် သာ၍ပင် မှောင်မိုက်နေလေသည်။

တယ်လီဖုန်းထဲမှ ပေးလိုက်သည့် အိမ်နံပါတ်မှာ ဖိုးစိန်လမ်းနှင့် တာမွေလမ်းဆက်နေသည့် နေရာလောက်တွင် ရှိမည်ဟု ဒေါက်တာသင်းကြည် ခန့်မှန်းမိသည့်အလျောက် စစ်ကဲကြီး ဦးဖေသော်၏ အိမ်ရှေ့ကဖြတ်၍ သွားရမည်ကို တွေးမိလေသည်။ သို့သော် မိမိမှာ ကားမောင်း၍လာခြင်းကြောင့် ဘာမျှကြောက်စရာမလို။ အကယ်၍ ကားရှေ့က ကိုးရိုးကားရားရုပ်ပြကာ ခြောက်လှန့်ပါမူ ကားကို တစ်ရှိန်ထိုး မောင်း၍ တိုက်ခိုက်ထိုးဖောက်သွားမည်ဟု နှလုံးပြုကာ သီချင်းဆို၍ စိတ်တင်းလာခဲ့ရသည်။

ဒေါက်တာသင်းကြည်သည် ကားပေါ်မှနေ၍ အိမ်နံပါတ်များကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရလေရာ ကားကို မြန်မြန်မမောင်းနိုင်ဘဲ ဖြည်းဖြည်းမောင်းနေရလေ၏။

၂၃...၂၅...၂၇

mgyoe.com

mgyoe.com

ပေးထားသည့် အိမ်နံပါတ်နှင့် တဖြည်းဖြည်းနီး၍လာပြီဖြစ်ရာ မိမိသွားရမည့်အိမ်မှာ စစ်ကဲကြီးအိမ်နှင့် ကပ်နေလိမ့်မည်ဟု တွက်ကြည့်လိုက်မိသေးသည်။ သို့သော် အိမ်နံပါတ်ကိုတွေ့၍ ကားရပ်ပြီး ကြည့်လိုက်ရာတွင် တစ္ဆေခြောက်သည်ဟု နာမည်ကြီးနေသော စစ်ကဲကြီး ဦးဖေသော်၏အိမ်ပင် ဖြစ်သည်ကို တွေ့ရလေတော့၏။

ဒေါက်တာမသင်းကြည်သည် ကားပေါ်တွင် မလှုပ်မရှားဘဲ မျက်လုံးများပြူး၍ အိမ်ကြီးကို ကြည့်နေမိသည်။ ရင်ထဲကလည်း ခုန်၍နေတော့သည်။ အိမ်ခေါင်မိုး တံစက်မြိတ်အောက်၌ ကပ်နေသော မျက်လုံးကြီးများနှင့်တူသည့် ဘဲဥပုံပြတင်းပေါက်နှစ်ခုထဲမှ မှေးမှိန်သော အလင်းရောင်ကို မြင်နေရသည်မှာ မျက်လုံးမှိတ်တုတ် မှိတ်တုတ် လုပ်ပြနေသလားဟု ထင်ရသည်။

ထိုအိမ်တွင် ကြာကြာလူနေလေ့မရှိ။ တစ်ခါတစ်ရံ နေထိုင်သူရောက်လာသော်လည်း မည်သူမည်ဝါဖြစ်သည်ဟု မသိရ။ နေ့ခင်းတွင် တံခါးများ အမြဲပိတ်ထားလေ့ရှိပြီး ညဘက်မှာမှ မီးရောင်တွေ့ရ၍ လူရှိမှန်း သိကြရလေသည်။

မသင်းကြည်သည် မိမိအား တစ်စုံတစ်ယောက်သောသူက နောက်ပြောင်ပြီး ထိုအိမ်ကြီးသို့ ရက်ရက်စက်စက် ပို့လိုက်ခြင်းပေလောဟုတွေးကာ မဝင်ဘဲ ပြန်ရလျှင် ကောင်းမည်လားဟူ၍ စိတ်၌ ဖြစ်လိုက်မိသည်။ သို့သော် အိမ်ထဲသို့ လှမ်း၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်ရာ ဆင်ဝင်အောက်တွင် မော်တော်ကားတစ်စီး ဆိုက်ထားသည်ကို တွေ့ရသောကြောင့် အနည်းဆုံး အပြင်ကလာသူ တစ်ဦးတစ်ယောက်တော့ ရှိနေရမည်ဖြစ်၍ မဝင်ရဲစရာမရှိဟု ယူဆရလေ၏။ ဆရာဝန်တစ်ယောက်ဖြစ်ခြင်းကြောင့်လည်း သတ္တိရှိရပေမည်။

မသင်းကြည်၌ ဆရာဝန်၏ သတ္တိရှိသော်လည်း မိန်းမသား၏

mgyoe.com

နူးညံ့ထိတ်လန့်တတ်သော စိတ်နှင့် ယှဉ်၍နေလေသည်။ သို့ဖြစ်၍ အိမ်ထဲသို့ ဝင်ဝံ့သောသတ္တိကို ရုတ်တရက်ဖော်ထုတ်၍ မရသေးပေ။ သဘာဝလောကဓာတ်ကြီးကလည်း ကြောက်ရွံ့စိတ်ပိုလာအောင် မိုးချုန်းသံပေး၍ လျှပ်ပန်းလျှပ်နွယ်များ ပြိုးပြက်နေလေသည်။ သစ်ပင်သစ်ရွက်များအကြားမှ တိုးဝှေ့၍ တဟဲဟဲမြည်သည့် လေသံကလည်း ကြက်သီးထချင်လာအောင် လုပ်နေသေးသည်။

ထိုအခိုက်မှာပင် အိမ်ထဲက စူးရှသော မိန်းမအသံတစ်သံ ထွက်လာလေရာ မသင်းကြည်မှာ ခေါင်းနားပန်းကြီးသွားသည်။ ပြီးမှ မနည်းစိတ်ကို တင်းလိုက်ရသည်။ ထိုသို့ စိတ်ကို တင်းလိုက်သည်နှင့်အမျှ ဆရာဝန်စိတ်ပေါ်၍လာလေ၏။ အိမ်ကြီးထဲတွင် ပြင်းပြစွာ ဝေဒနာခံစားနေရသူတစ်ဦး ရှိနေရာ ဒေါက်တာသင်းကြည်မှာ ထိုဝေဒနာကို သက်သာအောင်လုပ်ပေးရမည့် တာဝန်ဝတ္တရားရှိသူဖြစ်သည့် အလျောက် သူ့ရဲဘောကြောင်စွာဖြင့် နောက်ဆုတ်သွားခြင်းကို မပြုအပ်ပေ။

ထိုစိတ်ဓာတ် ပေါ်ပေါက်တက်ကြွလာသည်နှင့်တစ်ပြိုင်နက် မသင်းကြည်သည် ကားကို ဆက်၍မောင်းပြီး အိမ်ဝင်းထဲသို့ ချိုးဝင်လိုက်လေ၏။ အိမ်ရှေ့တံခါးမှာ ဖွင့်၍ထားရာ လေတိုက်သဖြင့် တံခါးရွက်များ စေ့လိုက်၊ ပွင့်လိုက်နှင့် လူမျက်နှာနှင့်တူသော အိမ်ကြီးက ပါးစပ်ပိတ်လိုက်၊ ဟလိုက် လုပ်နေသည်ဟု ထင်ရပေ၏။

အိမ်ထဲသို့ကြည့်လိုက်ရာ အောက်ထပ်တွင် မှောင်၍နေသဖြင့် လက်နှိပ်ဓာတ်မီးပါလာစေကာမူ အရမ်းစွတ်၍ဝင်မသွားဘဲ တံခါးကို တဒုံးဒုံးပုတ်၍ လူခေါ်လိုက်ရလေ၏။

သို့သော် အပြင်က မိုးသံ၊ လေသံများကြောင့် တံခါးပုတ်သံကို မည်သူမျှ ကြားဟန်မတူ။ တစ်ဦးတစ်ယောက်မျှ ထွက်ပေါ်၍မလာချေ။

လူနာကား အိမ်ပေါ်ထပ်တွင် ရှိနေမည်မှန်ပေသည်။ သို့သော်

mgyoe.com

စွတ်၍တက်သွားလျှင် ဘာကိုတွေ့နေရမည်မသိနိုင်သဖြင့် တက်သွား၍မဖြစ်။ တစ်ကြောင်းမှာလည်း မိမိမှာ မိန်းမသားတစ်ဦးဖြစ်နေပြန်သည့်အတွက် အတင့်မရဲသင့်ဟူ၍လည်း တွေးမိသည်။

ဆေးရုံကြီးတွင် လုပ်ရစဉ်က မသင်းကြည်အား ဆရာဝန်ကြီးဒေါက်တာဘင်းနက်က "မင်းဟာ လူကတော့ ဖယောင်း၊ စိတ်ကတော့ သံချောင်း" ဟု ချီးကျူးခဲ့ဖူးလေသည်။ ယခုမူ မသင်းကြည်၏စိတ်မှာ သံချောင်းကဲ့သို့ ခိုင်မာခြင်းမရှိတော့ဘဲ သိုးမွေးချည်အပြတ်ကဲ့သို့ ပျော့ဖတ်ဖတ်ဖြစ်၍နေတော့သည်။

တံခါးကို ပုတ်၍ခေါ်သော်လည်း မရသဖြင့် မသင်းကြည်မှာ အော်၍ခေါ်လိုက်ရလေ၏။

"ဘယ်သူမှ မရှိကြဘူးလား..."

ဤအသံမှာပင် ငိုသံနှင့် ငယ်သံပါ၍နေလေသည်။ သို့သော် ထိုအသံကြောင့် အိမ်ပေါ်ထပ်မှ ခြေနင်းသံပေါ်လာကာ လူတစ်ယောက် ဖယောင်းတိုင်ကိုကိုင်လျက် အိမ်ပေါ်မှ ဆင်း၍လာလေ၏။ ထိုသူ၏ လက်ထဲက ဖယောင်းတိုင်မီးရောင်အားဖြင့် ထိုသူမှာ လူကြီးတစ်ယောက် မဟုတ်ဘဲ မိမိနှင့် အသက်အရွယ် မတိမ်းမယိမ်းလောက် ပင်ရှိမည့် ပျိုပျိုရွယ်ရွယ်လူတစ်ယောက်ဖြစ်သည်ကို တွေ့ရသည့်ပြင် စိုးရိမ်ထိတ်လန့်ရလောက်သော ရောဂါဝေဒနာတစ်ခုခု ခံစားနေရသူ တစ်ယောက်ဖြစ်သည်ကို ဆရာဝန်၏အမြင်ဖြင့် အကဲခတ်လိုက်မိလေသည်။

"ဒေါက်တာသင်းကြည်လား..."

သူ မေးလိုက်သည့်စကားသည် ဒေါက်တာသင်းကြည်မှာ ယောကျာ်းဆရာဝန်မဟုတ်ဘဲ မိန်းမတစ်ဦးဖြစ်နေသည်ကို တွေ့ရ၍ အံ့အားသင့်သည့် လေသံပါ၍နေပေသည်။ သူ၏စကားများမှာ ကြီးလှစွာသော ဝေဒနာထဲမှ ထွက်လာရသည့် စကားများကဲ့သို့ရှိသည်။ သူ၏

mgyoe.com

mgyoe.com


မျက်လုံးများတွင် သူ၌ ကာယိက ဒုက္ခတစ်ခုတည်းသာ ခံစားနေရသည်မဟုတ်ဘဲ စိတ္တဒုက္ခပါ ခံစားနေရခြင်းကို ဖော်ပြနေလေသည်။

"လူမမာဟာ ရှင်ပဲလား..."

"မဟုတ်ပါဘူး၊ မိန်းကလေးတစ်ယောက်ပါ၊ အပေါ်မှာပါ"

"ရှင့်ကြည့်ရတာလည်း အတော့်ကို မမာနေပုံရတယ်"

"ကျွန်တော်က ကိစ္စမရှိပါဘူး။ အပေါ်က မိန်းကလေးကိုသာ မြန်မြန်လာပြီး ကြည့်စေချင်ပါတယ်... လိုက်ခဲ့ပါ..."

သူသည် လက်တစ်ဖက်ဖြင့် လှေကားလက်ရန်းကို မှီတွယ်အားပြုကာ ရှေ့ကတက်သွား၍ ဒေါက်တာသင်းကြည်က နောက်က လိုက်သွားရလေ၏။ သူကား အပေါ်ရောက်အောင် မနည်းကြိုးစား၍ တက်နေရလေသည်။

အပေါ်ထပ်သို့ ရောက်သည်နှင့် တံခါးပွင့်နေသော အခန်းတစ်ခုကို လက်ညှိုးညွှန်ကာ "ဟိုထဲမှာ" ဟု လေသံဖြင့် ပြောလေသည်။

အခန်းထဲမှာ ဝေဒနာခံစားနေရသဖြင့် ညည်းညူနေသော မိန်းမတစ်ယောက်၏အသံကို မသင်းကြည် ကြားရလေ၏။ သို့ ကြားလိုက်ရသည်တွင် ကြောက်စိတ်များအားလုံး မေ့ပျောက်သွားကာ အခန်းထဲသို့ တောက်လျှောက်ဝင်သွားလေ၏။ အထဲသို့ ရောက်သည့်အခါ ခုတင်တစ်လုံးပေါ်တွင် ခွေ၍လဲနေသော မိန်းမငယ်တစ်ဦးကို တွေ့သဖြင့် ရပ်ပြီး ငုံ့ကြည့်နေမိသည်။

အခန်းထဲတွင် ဖယောင်းတိုင်နှစ်တိုင်၏ အလင်းရောင်သာ ရှိပေ၏။ မိန်းမပျိုမှာ အတော်ပင် ငယ်လေသေးသည်။ သူ၏မျက်နှာမှာ ဝေဒနာကြောင့် ရှုံ့၍နေသော်လည်း မိန်းမချောကလေးတစ်ယောက်ဖြစ်သည်ကိုကား သိသာလေသည်။

အခန်းတွင်း၌ ကမန်းကတန်း ရှင်းလင်းထားသည့် လက်စခြေစ

mgyoe.com

များနှင့် ကြမ်းပေါ်တွင် သွေးများ စွန်းပေနေသော အဝတ်တစ်ခု ပုံထားသည်ကို တွေ့ရ၏။

မိန်းမပျိုကလေးသည် မျက်လုံးများကိုဖွင့်၍ ဒေါက်တာသင်းကြည်အား ကြည့်လေသည်။ သူ့မျက်လုံးများမှာ ဝေဒနာ၏ဒဏ်ကြောင့် ပြူးနေလေသည်။ သူ၏ လက်ဝါးနှစ်ဖက်ကို ရင်ဘတ်အထက်တွင် ဖိထားသည်။

ဒေါက်တာသင်းကြည်က ထိုလက်နှစ်ဖက်ကို အသာအယာဆွဲ၍ ရင်ဘတ်မှ ခွာလိုက်ရာ ဒဏ်ရာတစ်ခုရ၍ အဝတ်ဖြင့် မတတ်တတတ် ပတ်တီးစည်းပေးထားသည်ကို တွေ့ရလေ၏။

"ဒါ… သေနတ်မှန်တာနဲ့ တူတယ်" ဟု မသင်းကြည်၏ ပါးစပ်မှ အသံကျယ်ကျယ်ထွက်သွားသည်။

ယောကျ်ားပျိုသည် ခေါင်းညိတ်၍ ဝန်ခံကာ စကားကိုမပြောဘဲ ကုလားထိုင်တစ်လုံးရှိရာသို့ ဒယီးဒယိုင် လျှောက်၍သွားလေ၏။

ကုလားထိုင်ပေါ်တွင် ထိုင်မိပြီးမှ ယောကျ်ားပျိုသည် "ကျေးဇူးပြုပြီး ကုပေးပါ ဒေါက်တာရယ်" ဟု ခြောက်ကပ်ကပ်အသံဖြင့် တောင်းပန်လေသည်။

"မဖြစ်ဘူး… မဖြစ်ဘူး… သူ့ကို ကျွန်မ မကုနိုင်ဘူး။ ဆေးရုံကို ချက်ချင်းပို့မှဖြစ်မယ်…"

"ဆေးရုံမသွားပါရစေနဲ့ရှင်… ဆေးရုံကိုသွားမယ့်အစား ကျွန်မသေလိုက်ပါရစေတော့" ဟု မိန်းမပျိုက အသံသဲ့သဲ့ဖြင့် ပြောလေ၏။

"ဟုတ်တယ်… ဒေါက်တာ… သူ့ကို ဆေးရုံပို့လို့တော့ မဖြစ်ဘူး။ ဒီအကြောင်း ဘယ်သူမှ မသိစေချင်ပါဘူး… ဒေါက်တာ တတ်နိုင်သမျှ ကြိုးစားပြီးတော့သာ ပြုစုပေးပါ…"

"ဒီလိုဖြစ်တဲ့ ဒဏ်ရာမျိုးကို တိတ်တိတ်ကျိတ်ကုလို့မဖြစ်ဘူး။

mgyoe.com

ဒီအမှုပေါ်သွားရင် ဘယ့်နှယ်လုပ်မလဲ။ ဆရာဝန့်မှာ အပြစ်ကြီးတယ်။ နောက်ပြီး လူနာသေသွားရင် မခက်ဘူးလား။ သေနတ်ကျည်ဆန် ဝင်နေရင် ခွဲထုတ်ရလိမ့်မယ်။ ဆေးရုံသွားမှ ကုနိုင်မယ်" ဟု မသင်းကြည်က ခပ်တင်းတင်းပြောရလေ၏။

"ကျည်ဆန်ကို ကျွန်တော် တွေ့ပြီးပါပြီ။ မရှိတော့ပါဘူး။ အမှုလည်း မဖြစ်ပါဘူး။ ဘယ်သူမှလည်း မသိစေရပါဘူး။ ဒဏ်ရာကလည်း မကြီးလှဘူးလို့ထင်ပါတယ် ဒေါက်တာရယ်။ ကျကျနန ဆေးထည့်ပေးပြီး အနာသက်သာအောင် အိပ်ဆေးကလေးသာ ပေးပါ"

"အတော်ခက်တယ်... ဒါဟာ ကုပေးလို့ မဖြစ်ဘူး။ ဆေးရုံကို သွားပါ"

"တောင်းပန်ပါရစေ ဒေါက်တာရယ်...၊ ဆေးရုံသွားရရင် ပုလိပ်မှု ဖြစ်နေပါလိမ့်မယ်။ ကျွန်တော်တို့အဖြစ်ကို ဘယ်သူမှ မသိစေချင်လို့ပါ။ သူကလည်း ဆေးရုံတော့ မသွားဘူး။ သေလိုက်မှာပဲ"

ယောက်ျားပျိုမှာ စကားပြောရင်း မောလာသကဲ့သို့ရှိကာ မနည်းအားယူ၍ ပြောနေရ၏။ ဒေါက်တာသင်းကြည်ကား တွေပြီးနေလေသည်။

"ကျွန်တော်တို့ကို သနားတဲ့စိတ်နဲ့ ကျေးဇူးပြုပြီး ကူညီမ,စပါ ဒေါက်တာရယ်..."

"နေပါဦး အခုဟာ ,ဘာဖြစ်ကြတာတုန်း။ ဒီမိန်းကလေးကို ဘာပြုလို့ ဒီအိမ်ကြီးပေါ် ခေါ်လာတာလဲ"

"ဒီအကြောင်းကို မပြောပါရစေနဲ့ ဒေါက်တာရယ်။ တစ်ခုမှ ပြောလို့မဖြစ်ပါဘူး။ ဆေးသာ ထည့်ပေးပါ။ မနက်ကျရင် ကျွန်တော်တို့ ဒီအိမ်ကြီးမှာ ရှိကြမှာလည်း မဟုတ်တော့ပါဘူး။ အခုတွေ့ရတဲ့ အဖြစ်အပျက်ကိုလည်း ဒေါက်တာ ဆေးကုပေးလိုက်ပြီးတဲ့နောက်

mgyoe.com

mgyoe.com

တစ်ခါတည်း မေ့ပစ်လိုက်မယ်ဆိုရင် ကျွန်တော် တစ်သက်လုံးကျေးဇူး တင်လို့ မဆုံးပါဘူး"

ဒေါက်တာသင်းကြည်မှာ ဘာမျှမစဉ်းစားတတ်အောင် ဖြစ်၍ သွားလေတော့၏။ သူ မြင်တွေ့ရသည့်အခင်းမှာ ဆန်းပြားသလောက် ကြားရသည့်စကားများကလည်း ထူးခြားလှလေသည်။

"ရောက်လာလို့ ရှိမှတော့ဖြင့် ကုပေးပါ ဒေါက်တာရယ်..."

မသင်းကြည်၏စိတ်ထဲတွင် သနားကရုဏာ ဝင်၍လာလေ သည်။ သို့ဖြစ်၍ သူ၏ဆေးအိတ်ကိုဖွင့်ရင်း "အင်း...တတ်နိုင်သလောက် တော့ ကျွန်မ လုပ်ပေးသွားမယ်လေ..." ဟု ပြောလိုက်လေ၏။

သို့နှင့် ဒေါက်တာသင်းကြည်သည် သတ္တုခွက်ကလေးတစ်ခု တွင် ရေထည့်၍ အရက်ပြန် မီးခွက်ကလေးတစ်ခုဖြင့် ဆူအောင်လုပ် ပြီး ပတ်တီးများကို ထုတ်လေ၏။ ထိုသို့လုပ်နေစဉ် မိန်းမပျိုကလေး သည် အသံတိုးတိုးဖြင့် ကြောင်ညည်းသလို ညည်း၍နေရှာလေသည်။ ယောကျ်ားပျိုကား ထိုင်ရာမှထကာ ဝေဒနာခံစားနေရသော မိန်းကလေး ကို မကြည့်ရက်သကဲ့သို့ အနိုင်နိုင်သယ်ရသော ခြေလှမ်းများဖြင့် အခန်းထဲမှထွက်၍သွားလေ၏။

ထို့နောက် ဒေါက်တာသင်းကြည်သည် မိန်းမပျို၏ ဒဏ်ရာ စည်းထားသည့် အဝတ်များကိုဖြေလိုက်ရာ ဒဏ်ရာမှာ မနက်လှသည် ကို တွေ့ရသောကြောင့် စိုးရိမ်မှု အနည်းငယ်ပြေ၍သွားလေသည်။ ထိုဒဏ်ရာကို ဆေးဝါးထည့်၍ ပတ်တီးစည်းပေးပြီးသည့်နောက်တွင် အနားသက်သာစေရန် အိပ်ချင်လာစေသော ဆေးခဲအဖြူကလေးများကို မိန်းကလေးအား စားစေပြီးလျှင် သူ၏နံဘေးတွင်ချထားသည့် မိန်းမ ဝတ် ကုတ်အင်္ကျီကလေးကို ယူ၍ ခြုံပေးလိုက်၏။

ထိုသို့ လုပ်ကိုင်ပေးပြီးသည့်နောက် ယောကျ်ားပျိုကိုလည်း

mgyoe.com

mgyoe.com


ကြည့်ရှုရန် လိုသေးသည်ကိုသိ၍ ထိုအခန်းထဲမှ ထွက်ခဲ့ရ၏။ သူ့ထံသို့ ရောက်သည့်အခါ ထိုသူမှာ အိပ်ရာခင်းမရှိသော ခုတင်နှင့် မွေ့ရာပေါ်တွင် ကန့်လန့်ဖြတ် လှဲချကာ ပက်လက်ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုအခန်းမှာ ပင့်ကူမျှင်များ ယှက်သန်းလျက် ဖုန်များ မလှည်းမကျင်းဘဲ ထားသောကြောင့် မှိုတက်သည့်အနံ့ ထွက်နေလေသည်။ သို့ဖြစ်၍ ပြတင်းပေါက်တစ်ခုကို ဖွင့်ကာ မိုးရေဆွတ်ဖျန်းသည့် ညချမ်းလေအေးကို ဝင်စေလျက် လေကောင်းလေသန့်ရအောင် လုပ်လိုက်ရလေသည်။ ထို့နောက်မှ ယောကျာ်းပျိုထံသို့ သွားပြီး ငုံ့ကြည့်လိုက်ရာတွင် သူ၏ရုပ်အင်္ကျီ၌ သွေးများ စွန်းထင်းနေသည်ကို တွေ့ရ၍ အသည်းထဲက ထိတ်ခနဲဖြစ်သွားလေ၏။

"ဟင်... ရှင့်မှာလည်း ဒဏ်ရာနဲ့ပါကလား..."

သူသည် သူ၏နံဘေးကို လက်နှင့် တင်းကျပ်စွာဖိထားလျက် "ကျွန်တော့်ဒဏ်ရာက ဘာမှမဖြစ်လောက်ပါဘူး။ သူ့ကိုသာ ကြည့်ပါ၊ သူ ဘယ့်နှယ်နေသလဲ၊ မသေနိုင်ဘူး မဟုတ်လား..." ဟု ပြောဆိုမေးမြန်းလေ၏။

"သူ ခဏကြာရင်အိပ်ပျော်သွားမှာပါပဲ။ ဒဏ်ရာလည်း မကြီးလှပါဘူး။ ရှင်က အရေးကြီးပုံရတယ်။ ရှင့်ဒဏ်ရာကို ကြည့်စမ်းပါရစေဦး"

"အို... မလိုပါဘူး၊ မလိုပါဘူး။ သူ့ကိုသာ ဂရုစိုက်ပါ။ သူ စိတ်ချရပြီဆိုတော့မှ ကျွန်တော့်ကို ကြည့်တာပေါ့။ သူ့အသက်ဘေးအတွက် မစိုးရိမ်ရတော့ဘူးဆိုတာ အမှန်ပဲလား။ ဒီအတိုင်းဆိုရင် မနက်ကျရင် ထနိုင်မလား..."

"သူ့ကိုတော့ စိတ်ချရပါပြီ။ ဒါထက် အခုဖြစ်ရပုံကလေးကို မပြောနိုင်ဘူးလား... ပြောစမ်းပါ..."

"ကျွန်တော် ဘာမှမပြောပါရစေနဲ့၊ ဒီကိစ္စနဲ့ပတ်သက်ပြီး

mgyoe.com

mgyoe.com


ဘယ်သူ့ကိုမှလည်း ပြောမပြဖို့ ကျွန်တော် တောင်းပန်ပါရစေ။ သူ ဒါကို လူ မသိစေချင်ဘူး။ သိရင်လည်း သတ်သေလိမ့်မယ်၊ ကျွန်တော်လည်း ဒီအတိုင်းပဲ"

မသင်းကြည်သည် ဖြူဖပ်ဖြူရော်ဖြစ်လျက် နွမ်းနယ်နေသော ယောကျ်ားပျို၏ မျက်နှာကိုကြည့်ကာ သူ၏နှလုံးသားကို ကရုဏာစိတ်များက ဆောင့်၍ဆောင့်၍ ဆွဲနေသကဲ့သို့ ရှိလေသည်။

"ကဲ... ဒါဖြင့် ရှင့်ဒဏ်ရာကို ဆေးထည့်မယ်။ အဲဒါလုပ်မှ ဒါတွေကို မေ့ပစ်ပါ့မယ်လို့ ကတိပေးနိုင်မယ်"

ထိုအခါမှ ယောကျ်ားပျိုသည် သူ၏ဒဏ်ရာကို ပြလေတော့၏။ သူ့မှာလည်း သေနတ်မှန်၍ ဒဏ်ရာရနေခြင်းဖြစ်လေသည်။ သူ့ဒဏ်ရာမှာ အကြည့်ရဆိုးသည့်ပြင် အနည်းငယ် ပိုး၍နက်သဖြင့် အတော်ပင် မချိမဆံ့ ခံရပေလိမ့်မည်။

သို့ဖြစ်၍ ဒေါက်တာသင်းကြည်သည် ရေနွေးနှင့် အနားစည်းသည့် ပတ်တီးကိုယူရန် တစ်ဖက်ခန်းသို့ ခပ်သွက်သွက်ကလေး ပြေးသွားလေ၏။ မိန်းကလေးမှာ အိပ်ပျော်နေပုံရ၍ စိတ်အေးရသည်။ ရေနွေးနှင့် ပတ်တီးများယူ၍လာသည့်အခါ ယောကျ်ားပျိုမှာ ညည်းညူသံ မထွက်ရအောင် လက်သီးများဆုပ်လျက် နှုတ်ခမ်းများစေ့ပြီး ကိုက်ထားသည်ကို တွေ့ရလေ၏။ မသင်းကြည်လည်း မိမိဒ္ဓပါလာသည့် ဆေးဝါးပစ္စည်းဖြင့် အစွမ်းကုန်ပြုစုပေးပြီးနောက် နဖူးကို လက်ဝါးဖြင့် စမ်းကြည့်လေသည်။

"အိပ်ဆေးသောက်လိုက်ရင် ကောင်းမယ်"

"ဟာ... ဒါတော့ မသောက်ပါရစေနဲ့၊ ကျွန်တော် အိပ်လို့မဖြစ်သေးဘူး။ သွားစရာရှိသေးတယ်"

"မိုးထဲလေထဲမှာ ဒီအနာကြီးနဲ့ သွားလို့ မတော်ဘူး၊ သေသွား

mgyoe.com

လိမ့်မယ်"

"သေရင်လည်း ကောင်းတာပါပဲလေ" ဟု သူက သူ့ဘဝကို နာကြည်းစွာဖြင့် ပြောလိုက်ပြီးမှ "ဟိုဘက်ကို သွားကြည့်လိုက်ပါဦး။ ကျွန်တော့်အတွက်ကတော့ ကောင်းသွားမှာပါပဲ" ဟု ပြောလေသည်။

ထိုသို့ပြောရင်း ဝေဒနာပြည့်လျှမ်းနေသည့် သူ၏မျက်လုံးများက ဒေါက်တာသင်းကြည်အား စူးစိုက်လျက်ရှိကြသည်။ ထိုအခါမှပင် ဒေါက်တာသင်းကြည်ကို သူ သေသေချာချာ ကြည့်မိပုံရလေ၏။

"အို..."

"ဘာဖြစ်တာလဲ..."

"ကျွန်တော် ဒေါက်တာ့ကို ဒီအရွယ်လောက် ရှိသေးမှန်းမသိလို့ ခေါ်လိုက်မိတာပါ။ ဒီလိုအချိန်ကြီးမှာ ဆရာဝန် မိန်းမသား ပျိုပျိုရွယ်ရွယ်တစ်ယောက်ကို ဒီနေရာမျိုးခေါ်မိတာ အပြစ်လွတ်ပါ။ တယ်လီဖုန်းစာအုပ်ထဲကြည့်လိုက်တော့ အနီးဆုံးဆရာဝန်ဟာ ဒေါက်တာပဲ ရှိနေပါတယ်"

ယောကျ်ားပျို၏မျက်နှာတွင် အားနာခြင်းကိုပြလျက်ရှိရာ ဒေါက်တာသင်းကြည်သည် မချိဘဲ ပြုံးနေရှာသော မျက်နှာကို ကြည့်၍ ရင်ထဲ၌ ဆွေးမိလေသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်မ ဒီကိုလာမိလို့ ဒီလိုအကူအညီပေးနိုင်တာကိုပဲ ဝမ်းသာနေပါတယ်။ ရှင်တို့နှစ်ဦးစလုံးရဲ့ဒုက္ခဟာ အတော်ပဲ ဆိုးနေပုံရတယ်"

"ဆိုးပါတယ်၊ သိပ်ဆိုးတာပါပဲ" ဟုဆို၍ သူသည် အစွပ်မရှိဘဲ မှိုတက်နေသော ခေါင်းအုံးပေါ်တွင် သူ၏မျက်နှာကို မြှုပ်နှံလိုက်ပြီး "သူ့ဆီသွားဦး၊ တစ်ယောက်တည်းမို့ ကြောက်နေပါဦးမယ်" ပြောပြန်လေသည်။

mgyoe.com

mgyoe.com

မသင်းကြည်အဖို့မှာ နှစ်ယောက်စလုံးကို ဆေးထည့် စည်းကျပ်ပေးပြီးပြီဖြစ်၍ ပြန်ရန်သာ ရှိလေသည်။ သို့သော် အမည်မခေါ်တတ်၊ အကောင်အထည်မဖော်ပြတတ်သော အရာတစ်ခုခုက ဆွဲငင်ညှို့ဖမ်းထားသကဲ့သို့ ရှိနေသဖြင့် ပြန်ဖို့ရန် သတိမေ့သည့်ပြင် ယောကျ်ားပျိုအတွက် စိုးရိမ်သဖြင့် အနားမှ မခွာချင်သလို ရှိလေသည်။

သို့နှင့် စိတ်မပါ့တပါဖြင့် သူ၏အခန်းထဲမှ ထွက်ပြီးလျှင် မိန်းကလေး၏အခန်းကို ကူးခဲ့ရပြန်လေသည်။ မိန်းကလေးမှာ ငြိမ်သက်၍နေသဖြင့် မနိုးစေလိုသောကြောင့် ကုလားထိုင်တစ်လုံးကို ပြတင်းပေါက်အနီးသို့ သယ်ယူကာ အပြင်ဘက်ရှိ မိုးရေဖြင့် ဖျန်းပက်၍နေသော လမ်းကို ထိုင်၍ ကြည့်နေလိုက်လေသည်။ စောစောက ကြောက်စိတ်များ လုံးဝပျောက်သွားခဲ့လေပြီ။

ယောကျ်ားပျိုသည် ဘယ်အချိန်က အောက်သို့ တိတ်တဆိတ်ဆင်းသွားသည်မသိ၊ အောက်ထပ်က မော်တော်ကားစက်နှိုးသံ ကြားလိုက်ရပြီး ကားထွက်နေသည်ကိုတွေ့ရ၍ သူသွားလိုသည်ကို မတားစေလိုသောကြောင့် မိမိအား သည်ဘက်အခန်းသို့ ခဏခဏပြန်လွှတ်နေခြင်းကို စဉ်းစားမိလေတော့သည်။

ကားမှာ ထွက်သွားပြီဖြစ်၍ ဘယ်လိုမျှ တားဆီးမရနိုင်တော့ပေ။ သူ့၌ ဒဏ်ရာကြီးရှိနေသည့်ပြင် အနာရှိန်ဖြင့် အဖျားတက်လျက်ရှိသည်ကို တွေးမိ၍ ဒေါက်တာသင်းကြည်၏ နှလုံးသားထဲ၌ မိန်းမသားတစ်ယောက်အနေဖြင့် ငိုချင်ပက်ကျိဖြစ်မိခြင်းနှင့် ဆရာဝန်အနေဖြင့် စိတ်ခိုင်ခြင်းတို့သည် အပြန်အလှန် လုံးသတ်နေကြလေတော့သည်။ ဤမျှပြင်းပြသော ဒဏ်ရာကို ရနေပါလျက် အရေးတကြီးကိစ္စရှိ၍ ထွက်သွားခြင်းသည် သူတို့နှစ်ဦး၏ ကြီးလှစွာသော အဖြစ်ဆိုးကို သိသာစေနိုင်သလောက် သူ၏ကိုယ်ပေါ်ကအနာမှာ အသည်း

mgyoe.com

mgyoe.com

ထဲက ဒဏ်ရာ၏အစိတ်အပိုင်းကလေးမျှလောက်သာ ရှိမည်ဟု တွေးမိပေ၏။

ထိုခဏမှာပင် မသင်းကြည်သည် စိတ်ထဲ၌ မသိုးမသန့်ဖြစ်လာကာ မိန်းကလေးထံသို့ ထသွားပြီး ကြည့်လိုက်ပြန်လေ၏။ ယင်းသို့ ကြည့်မိသည်နှင့်တစ်ပြိုင်နက် မသင်းကြည်၏ပါးစပ်မှ လန့်ထိတ်၍ အော်လိုက်သော အာမေဋိတ်သံ ထွက်သွားလေသည်။

မိန်းကလေးသည် မသင်းကြည်၏အလစ်တွင် ဆေးအိတ်ထဲမှ လွန်လျှင်ဘေးဖြစ်တတ်သော ဆေးခဲများကို ယူ၍စားကာ ကိုယ့်ကိုယ်ကိုယ် သတ်ပြီးသေနေသည်ကို မိန်းကလေး၏လက်ထဲရှိ ဆေးပုလင်းက သက်သေခံနေလေ၏။

မသင်းကြည်သည် ချက်ချင်း အနီးဆုံးရဲဌာနသို့ တိုင်ကြားရန် ဝတ္တရားရှိသည်ကို သိသည်။ သို့သော် ယောကျ်ားပျို၏ ဒုက္ခဝေဒနာနှင့် အသနားခံထားချက်တို့က မတိုင်ရက်အောင်ဖြစ်ရလေသည်။ သို့ဖြစ်၍ သူပြန်လာအောင် စောင့်ဦးမည်ဟု ဆုံးဖြတ်လိုက်ရလေ၏။

မသင်းကြည်သည် ပြတင်းပေါက်သို့ ပြန်၍သွားကာ ယောကျ်ားပျိုကို မျှော်လေ၏။ ဤသို့ ရပ်မျှော်နေစဉ် ရုတ်တရက် ကြီးလှစွာသော ကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်ပေါ်လာလေ၏။ မိမိရောက်နေသည့် နေရာမှာ တစ္ဆေခြောက်သည်ဟု နာမည်ကြီးသော စစ်ကဲကြီး ဦးဖေသော်၏ အိမ်ဖြစ်သည်။ သေနေသောမိန်းကလေးတစ်ယောက်၏အလောင်းမှာ မိမိအနီး၌ပင်ရှိနေပါကလားဟုတွေးလိုက်မိခြင်းဖြင့် ထိုအိမ်ကြီးနှင့်စပ်လျဉ်း၍ လူအများပြောဆိုဖူးသည့် ကြောက်လန့်စရာ အဖြစ်အပျက် အမျိုးစုံသူ၏အသိဉာဏ်ထဲတွင် ပြန်၍ပေါ်လာကာ မျက်လုံးပြူးနေတော့၏။

ယခု မိမိတွေ့ကြုံနေရသည့်အဖြစ်မှာ တစ္ဆေသရဲ ခြောက်ခံနေရခြင်းလော သို့မဟုတ် ကြောက်စရာကောင်းလှသော ရာဇဝတ်မှုကြီး

mgyoe.com

mgyoe.com


တစ်ခု၏အလယ်တွင် ကျရောက်နေရခြင်းလော သို့မဟုတ် အချစ်မီးတောက်လောင်နေသူနှစ်ဦးတို့၏ အဖြစ်ဆိုးလှသော ဇာတ်လမ်းကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံနေရခြင်းလောဟု မဝေခွဲနိုင်အောင် ဖြစ်ရလေသည်။

တိတ်ဆိတ်နေခဲ့သော အိမ်ကြီးမှာ စောစောကကဲ့သို့ မဟုတ်တော့ဘဲ သရဲတစ္ဆေ ခြောက်လှန့်သကဲ့သို့ ညည်းတွားသော အသံများသည်လည်းကောင်း၊ ရုပ်တိုက်သော ခြေသံများသည်လည်းကောင်း၊ ဟိုက–ဒီက ပေါ်လာသည်ကို မသင်းကြည်၏နားထဲတွင် ကြားလာရလေသည်။ တစ်ချက်တစ်ချက် တဖြုန်းဖြုန်း ပြေးသည့်ခြေသံများလည်း ကြားလိုက်ရသည်။ လူလျှောက်ပြေးသည့် ခြေသံများလော၊ တိတ်ဆိတ်နေသဖြင့် ကြွက်များ ပြေးလွှားသည့်ခြေသံကိုပင် လူပြေးသည်ထင်ရလောက်အောင် ဖြစ်ခြင်းလော။

မသင်းကြည်မှာ ကြောက်မက်ထိတ်လန့်ကာ မဟာစ်အော်လိုက်မိအောင် မိမိ၏ပါးစပ်ကို မနည်းပိတ်ထားရလေသည်။ သူ့ခမျာ ထိုအိမ်ထဲတွင် နောက်ထပ်အနည်းငယ်မျှ ကြာမြင့်စွာ မနေရဲတော့ပေ။ သို့နှင့် အခန်းထဲမှ ပြေးထွက်၍ လှေကားပေါ်မှ သုတ်သီးသုတ်ပျာ ဆင်းခဲ့ရာ ထိုသို့ပြေးဆင်းသည့်ခြေသံများမှာ အိမ်ကြီးကို ပဲ့တင်ထပ်ကာ နောက်မှ ပြေးလိုက်လာကြသလားဟု ထင်ရပေတော့သည်။

မသင်းကြည်သည် ကားမောင်း၍ ထွက်လာပြီးခါမှ အိမ်ပေါ်တွင် မိမိ၏ဆေးအိတ် မေ့ကျန်ရစ်ခဲ့သည်ကို သတိရလေ၏။ သို့သော် သူ၏နားထဲတွင် လိုက်ဟ ပြေးဟ ဟူသောအသံများ နောက်မှကပ်၍ လိုက်ပါလာသကဲ့သို့ ကြားနေရသောကြောင့် အိမ်ကြီးဘက်သို့ ပြန်၍ မလှည့်ရဲဘဲ လမ်းထဲက ထွက်ခဲ့မိသည့်တိုင်အောင် ကားကို အမြန်ဆုံးမောင်းခဲ့ရလေသည်။

mgyoe.com

mgyoe.com


အိမ်သို့ပြန်၍ ရောက်သည့်တိုင်အောင် မသင်းကြည်မှာ အကြောက်မပြေသေးချေ။ ထို့ထက် မိမိ ထွက်သွား၊ ပြန်လာသည်ကို ဂရုပြုနေသူများ ရှိလေမည်လားဟု စိုးရိမ်လိုက်ရပြန်သေးသည်။ အိမ်ရှိ အဒေါ်ကြီးတစ်ယောက်နှင့် အခြားအစေအပါးများမှာကား ထိုသို့ အချိန်မတော်မှာပင် အလုပ်ကိစ္စဖြင့် သွားတတ်လာတတ်ခြင်းကို တွေ့နေကျဖြစ်၍ သူတို့အတွက်ကိုကား စိုးရိမ်ရန်မရှိပေ။ အနီးအပါးတွင် နေထိုင်သော အခြားသူများ တွေ့မြင်မိကြမည်ကိုသာ စိုးရိမ်လေသည်။ အကယ်၍ ထိုအိမ်ကြီးတွင် ဆေးအိတ်မကျန်ရစ်ခဲ့ပါမူ ဘာကိုမျှ စိုးရိမ်စရာမရှိချေ။ သေနေသော မိန်းကလေး၏အလောင်းနှင့် ဆေးအိတ်ကို ညကင်းလှည့်သည့် စက်ဘီးပတ္တရောင်၊ သို့မဟုတ် ဝိုင်ယာလက်ရဲအဖွဲ့က ထိုအိမ်ကြီးကို မသင်္ကာ၍ တက်ရောက်ရှာဖွေတွေ့ရှိသွားခဲ့သော် မိမိမှာ ထိုအမှုကြီးတွင် ပါဝင်ပတ်သက်နေတော့မည်ကို တွေးမိသဖြင့် ထိတ်လန့်နေရခြင်းပင် ဖြစ်ပေသည်။

မသင်းကြည်မှာ အိပ်ဖို့ကို သတိမရနိုင်၊ အငြိမ်နေ၍လည်း မရ။ အိမ်ကြီးပေါ်က ဆင်းပြေးမလာမီ ကြားနေရသည့်အသံများကို နားထဲတွင် ကြားလျက်ပင် ရှိလေသည်။ ထိုအခါမှ မိမိ၏ ဦးနှောက်ချောက်ချား၍ ထင်ယောင်ထင်မှားဖြစ်ခဲ့ခြင်းကို သိလေသည်။ သို့ဖြစ်၍ မိမိ၏ သူရဲဘောနည်းခဲ့ခြင်းကိုတွေးပြီး တစ်ယောက်တည်း ဒေါသဖြစ်နေမိသည်။ ယခုအချိန်ရောက်မှ ပြန်ပြီးသွားဖို့ရန် လုံးဝမသင့်တော်တော့ချေ။ စောစောက ယောကျ်ားပျို ပြန်၍ရောက်လာသည့်တိုင်အောင် စောင့်၍မနေခြင်းကို အပြစ်တင်ချင်လေတော့သည်။ သူ၏မျက်စိထဲတွင် တစ်ကိုယ်လုံး မိုးရေရွှဲလျက် အဖျားတက်ပြီး တုန်တုန်ယင်ယင်နှင့် ပြန်လာသော ယောကျ်ားပျို၏သဏ္ဍာန်ကို မြင်ယောင်မိလေသည်။

လောလောဆယ်အားဖြင့် ဒေါက်တာသင်းကြည်အဖို့ အရေး

mgyoe.com

mgyoe.com


အကြီးဆုံးအရာမှာ မိမိ၏ဆေးအိတ်ကို ပြန်၍ရဖို့ရန် ဖြစ်လေသည်။ သို့သော် ယခုညတော့ဖြင့် ပြန်၍မသွားတော့ဘဲ မနက်စောစော လူများ အိပ်ရာမနိုးမီ ထ၍သွားရန် စိတ်ပိုင်းဖြတ်လိုက်ရလေတော့၏။

နံနက်ဘက်တွင် မိုးမှာ ရပ်စဲသွားသော်လည်း ကောင်းကင် တစ်ပြင်လုံးမှာ ရီဝေအုံ့မှိုင်းလျက်ပင် ရှိနေသေးသည်။ အိမ်ကြီးလမ်း ထဲ၌ နေထိုင်ကြသူများမှာ မိုးအေးအေးနှင့် ကွေး၍ကောင်းတုန်း ဖြစ် နေကြသဖြင့် လမ်းထဲတွင် အသွားအလာမရှိသေးသောကြောင့် မသင်း ကြည်မှာ အတော်ကလေး စိတ်သက်သာမှု ရရှိလေ၏။

အိမ်ကြီးမှာ တံခါးပွင့်မြဲပွင့်နေသော်လည်း အိမ်ရှေ့တွင် မော် တော်ကားကို မမြင်ရပေ။ ပြန်ပြီး မလာဘဲ ရှိနေသေးသလော၊ လာပြီး ပြန်သွားလေပြီလော။ တွေးရင်းပင် မသင်းကြည်သည် အိမ်ရှေ့တွင် ကားဆိုက်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။

အိမ်ပေါ်တွင် ဘာကိုမျှမတွေ့ရ၊ အခန်းများမှာ ရှင်းလင်းနေ လျက် မိန်းကလေး၏အလောင်းလည်း ပျောက်၊ ဆေးအိတ်လည်း မရှိတော့ချေ။ ဒေါက်တာသင်းကြည်မှာ မစဉ်းစားတတ်အောင် ဖြစ် သွားလေ၏။ ယမန်နေ့ညက တွေ့ရ၊ ကြုံရသည်တို့မှာ တကယ်မှ ဟုတ်ပါလေစဟု သံသယရှိမိ၏။ တစ္ဆေခြောက်ခြင်းမျှ ဖြစ်သည်ဆို လျှင်လည်း ဆေးအိတ်က အဘယ့်ကြောင့် ပျောက်နေရသနည်း။ မိန်းကလေး၏အလောင်းနှင့် ဆေးအိတ်ကို ပုလိပ်ဘက်ကတွေ့၍ ဆေးရုံများ ပို့လိုက်လေရော့လား။

မသင်းကြည်သည် ထိုသို့ မေးမိတွေးမိလျှင်ပင် ထိုအိမ်ပေါ် တွင် ကြာကြာနေရန် မသင့်တော်ကြောင်းကို စဉ်းစာမိကာ ချက်ချင်း ပင် ပြန်၍ဆင်းခဲ့လေ၏။

မသင်းကြည်သည် အိမ်သို့ ပြန်ရောက်လာသည့်အခါတွင် စိတ်

mgyoe.com

သက်သာရာတစ်ချက်ကို တွေးလိုက်မိသည်။ စစ်ကဲကြီးအိမ်တွင် ယောကျ်ားပျို့နှင့် သေဆုံးသူ မိန်းကလေးတို့၏ ခြေရာလက်ရာ ပျောက်သွားခြင်းသည် မိမိအား ကြီးလေးသော အမှုအခင်းကြီးတစ်ခုမှ ရှင်းလင်းကင်းလွတ်သွားစေလေပြီဟု စိတ်အေးရလေသည်။

သို့သော် မနက်သတင်းစာများ ရောက်၍လာသည့်အခါ သတင်းစာတစ်စောင်တည်းတွင် စက်ရုပ်သတင်းအဖြစ် စာလုံးမည်းကလေးများဖြင့် ပါလာသော သတင်းအတိုကလေးတစ်ပုဒ်ကို တွေ့ရသည့်အခါ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားတော့၏။ ထိုသတင်းမှာ ဘော်ဒရီလမ်းပေါ်တွင် မိန်းကလေးတစ်ယောက်ကို သတ်၍ ကားပေါ်တွင် ပစ်ထားခဲ့ခြင်းနှင့် မိန်းကလေး၏ ကိုယ်တွင် သေနတ်ဒဏ်ရာ တွေ့ရ၍ ပတ်တီးစည်းထားပြီး ကားမှာ နံပါတ်ဖြုတ်ထားကြောင်း ဖော်ပြပါရှိလေရာ မသင်းကြည်သည် ထိုအမည်မသိ မိန်းကလေးမှာ မည်သူဖြစ်သည်ကို စဉ်းစားမိလေ၏။

ဒေါက်တာသင်းကြည်မှာ ဝတ္တရားရှိသည့်အတိုင်း ဆိုင်ရာသို့ တိုင်ကြားရမည်လော။ ယောကျ်ားပျို့စကားကို လိုက်နာရမည်လောဟု စိတ်ထဲတွင် အချေအတင်ဖြစ်လျက် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေမိလေ၏။

ထိုအခိုက်တွင် အိမ်၌ စေပါးသည့် မိန်းကလေးတစ်ယောက် ဆေးအိတ်ကြီးကို ပိုက်၍ယူလာကာ "မမ... စောစောက အပြင်ထွက်သွားတုန်း ဆိုက်ကားသမားတစ်ယောက် လာပေးသွားတယ်" ဟု ပြောပြရာ မသင်းကြည်မှာ များစွာ အံ့အားသင့်သွားတော့သည်။

ဆေးအိတ်မှာ အိမ်ကြီးပေါ်တွင် ကျန်ရစ်ခဲ့သော မိမိ၏ ဆေးအိတ်ဖြစ်နေလေသည်။

"ဆိုက်ကားသမား မှတ်မိလိုက်သလား"

mgyoe.com

"ကျွန်မလည်း သူ့ကို ဂရုစိုက်မကြည့်လိုက်မိဘူး။ ပေးလိုက်ပါလို့ ပြောပြီး ထွက်သွားတာနဲ့ ကျွန်မလည်း ယူထားလိုက်တာပဲ။ ဟောဒီစာပါ ပေးသွားတယ်" မသင်းကြည်သည် ဆေးအိတ်နှင့် စာကို ယူထားပြီး ကလေးမထွက်သွားမှ စာကို ဖွင့်ဖတ်ကြည့်လေသည်။

စာထဲတွင် "ဒေါက်တာ လက်လွှန်သွားသည်ဟု ယူဆပါသည်။ ကျွန်တော့်လျှို့ဝှက်ချက်ကို နှုတ်လုံပါ။ ဒေါက်တာအတွက်လည်း ကျွန်တော် ဖုံးဖိထားပါမည်" ဟူ၍ ပါလာလေ၏။

သူကား မိန်းကလေး သေရခြင်းမှာ ကိုယ့်ကိုယ်ကိုယ် သတ်သွားခြင်းကို မသိရှာ၍ ရေးလိုက်ခြင်းဖြစ်ပေမည်ဟု မသင်းကြည် တွေးလိုက်မိသည်။ သူ့စိတ်ထဲကတော့ ငါ့ကို အတုံ့အလှည့် ကာကွယ်ပေးလိုက်ရတယ်လို့ ထင်နေမှာပဲ။ မိန်းကလေးအလောင်းကိုလည်း သူဖျောက်ဖို့ ကြိုးစားသေးဟန်တူတယ်။ ဒါပေမဲ့ သူ့ဝေဒနာက ဖိစီးလာလို့ သူ့ကိုယ်သူတောင် အနိုင်နိုင်သယ်ရတဲ့အဖြစ်ရောက်ပြီး ကားရော မိန်းကလေးအလောင်းပါ ပစ်ပြေးရတာဖြစ်လိမ့်မယ်လို့ စဉ်းစားမိသည်။ ထို့နောက် မိမိ၏ဝတ္တရားကို စဉ်းစားလိုက်ပြန်သည့် အခါ တိုင်ကြားရန် သင့်တော်သည့်အချိန်မှာ လွန်နေပြီဖြစ်ပြီး မိမိပင်လျှင် ထိုမိန်းကလေးကို အဆိပ်ကျွေး၍သတ်မှုဖြင့် အမှုပတ်လာဦးမည် ကို စိုးရိမ်စရာဖြစ်လာရလေသည်။ ယခုအတိုင်းမူကား ထိုအိမ်ကြီးသို့ သွားခြင်း၊ လာခြင်းနှင့် ထိုအကြောင်းအရာများ မိမိသိရှိခြင်းကို ထိုယောကျ်ားပျိုကလွဲပြီး မည်သူမျှမသိ၊ သူကလည်း မိမိနှင့် ပတ်သက်သမျှ လျှို့ဝှက်ဖုံးဖိထားမည်ဖြစ်လေရာ မိမိကလည်း နှုတ်ပိတ်နေလိုက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်ရလေ၏။

ဒေါက်တာသင်းကြည်သည် ဤအမှုမှာ ဤသို့နှင့် သဲလွန်စမပေါ်ဘဲ ပြီးပျောက်သွားလိမ့်မည်ဟု ယူဆလိုက်သည်။ သို့သော် သူ

mgyoe.com

mgyoe.com


ထင်သည့်အတိုင်းမဟုတ်ဘဲ နောက်နေ့ သတင်းစာအားလုံးတွင် ထို မိန်းကလေးအား သတ်မှုကို အကျယ်တဝင့်ပါရှိရုံမျှမက ဒဏ်ရာနှင့် လူတစ်ယောက် ဆေးရုံသို့ရောက်လာပြီး သတိမရတစ်ချက်၊ ရတစ်ချက် ဖြင့် ကယောင်ကတမ်းပြောဆိုနေသည့်စကားများအရ ထိုသူမှာ မိန်းကလေးသတ်မှုနှင့်ပတ်သက်လိမ့်မည်ဟု ယူဆကြခြင်းကို ဖော်ပြ ပါရှိလာတော့၏။

ထိုသတင်းကို တွေ့ရသဖြင့် ဒေါက်တာသင်းကြည်မှာ ခေါင်း ရှုပ်သွားလေသည်။ သူ၏စိတ်ထဲတွင် ပထမဆုံးဖြစ်ပေါ်လာသည့် ဆန္ဒမှာ ဆေးရုံရောက်နေသည်ဆိုသောသူသည် ထိုအိမ်ကြီးတွင် မိမိ တွေ့ခဲ့သူဟုတ်၊ မဟုတ် သိရအောင် စုံစမ်းပြီးမှ ဟုတ်ခဲ့လျှင် သူနှင့် ပြောဆိုတိုင်ပင်ရန် အကြံတစ်ခုတည်း ပေါ်လာလေသည်။

မသင်းကြည်မှာ အခြားဘာကိုမျှ မစဉ်းစားနိုင်၊ အခုအခါမှာ သူဟာ ငါ့ဆီကအကူအညီကို ပိုပြီးလိုနေရှာတော့မယ်။ သူ့မှာ ဘာမျှ အပြစ်မရှိခြင်းကို ငါသာလျှင် သက်သေခံနိုင်မယ်၊ သူ့ကိုတော့ ငါ ကယ်ရမှာပဲဟု ကရုဏာစိတ်များသာလျှင် ဖြစ်ပေါ်၍နေတော့၏။ သို့သော် သူ့အဖို့ ဆေးရုံသို့ သွား၍ကြည့်ရန် မလွယ်လှပေ။

အသိအကျွမ်းတစ်ယောက် သို့မဟုတ် မိမိ ကုသခဲ့ရသော လူနာတစ်ယောက်မဟုတ်ဘဲ ဆေးရုံသို့လာ၍ကြည့်သည်ဆိုခြင်းမှာ ဘာမျှအဓိပ္ပာယ်မရှိသည့်ထက် မိမိအား မသင်္ကာစရာပင် ဖြစ်နိုင်လေ သည်။ သို့ဖြစ်၍ ဆရာဝန်ကြီးထံ အလည်လာသည့်အနေမျိုးဖြင့် လူနာများကို ဆရာဝန်ကြီး လှည့်၍ ကြည့်ရှုတတ်သည့်အချိန်တွင် ဆေးရုံသို့ သွားရောက်ရလေသည်။ ဆရာဝန်ကြီးသည် တပည့်ဟောင်း နှင့် မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ဝမ်းသာအားရ စကားတပြောပြော နှင့်ပင် လူနာများကို လိုက်ကြည့်လေရာ မသင်းကြည်လည်း စကား

mgyoe.com

mgyoe.com


မဆုံးနိုင်ဘဲ ဆရာဝန်ကြီးနှင့် ကပ်၍လိုက်ခဲ့လေသည်။

"ဟောဒီလူနာဟာ မနက်က သတင်းစာထဲ ပါလာတဲ့လူပဲ"

မသင်းကြည်သည် မိမိ တွေ့လိုသူဖြစ်နေသည်ကို သိရလေ၏။ သို့ဖြစ်၍ ဆရာဝန်ကြီးက အခြားလူနာများကို လှည့်ကြည့်နေခိုက် မသင်းကြည်က မိမိ၏လူနာကို ကြည့်လိုက်ရာ သူက ပြန်၍ မျက်စိဖွင့်ကြည်နေသည်ကို တွေ့ရတော့၏။

"ဒေါက်တာ" ဟု သူက တိုးတိုးခေါ်လိုက်ပြီး "ဆေးပေးတာ လွန်သွားသလား ဒေါက်တာရယ်" ဟု မေးလေသည်။

"မဟုတ်ဘူး...အလစ်မှာ...သူ့ဟာသူ... ယူပြီးသောက်လိုက်တာ"

"အင်း... သိပ်မိုက်ပါကလား..."

ဆရာဝန်ကြီးမှာ ခပ်လှမ်းလှမ်းတွင်ရှိနေ၍ သူတို့၏စကားများကို မကြားရချေ။ ထို့ပြင် မသင်းကြည်မှာ ဆေးရုံကြီးတွင် လုပ်ဖူးသဖြင့် ယခင်က အလေ့အကျင့်ရှိနေ၍ လူနာအား မေးမြန်းနေသည်ဟု ယူဆနေလိုက်၏။

"ဘယ်လိုဖြစ်ကြတာတွေလဲ ပြောစမ်းပါ။ မပြောရင် ရှင့်ကို ကျွန်မ မကူညီနိုင်ဘူး"

"မပြောပါရစေနဲ့ ကျွန်တော် သူ့ကို သတ်တယ်လို့ စွပ်စွဲခံနေရပါဦးမယ်"

"မပြောချင်လို့ မဖြစ်ဘူး။ ရှင်မပြောရင် ကျွန်မ သိတာတွေ ဖွင့်ပြောလိုက်ရလိမ့်မယ်"

လူနာသည် သက်ပြင်းချလိုက်လေ၏။

"ကဲ... ပြောပါတော့မယ်လေ၊ သူဟာ ကျွန်တော့်ဇနီးကလေးပါ။ သို့ပေမဲ့ သစ္စာမရှိဘူး။ လူတစ်ယောက်နဲ့ ပြေးမယ်လုပ်လို့ ကျွန်တော်က လိုက်ပြီးတားတာမှာ သူက ကျွန်တော့်ကို သတ်ဖို့ ကြံတာပဲ။ သူ့အကြံ

mgyoe.com

မအောင်တော့ သူ့ကိုယ်သူ ပြန်သတ်ဖို့ ကြိုးစားပြန်တယ်။ ကျွန်တော်ကလည်း သူ့အသက်ကို လုရအောင် ဒေါက်တာကို ခေါ်ရတာပဲ"

"ဩ သူ့အပေါ်မှာ ရှင် ဒါလောက်ပဲချစ်သကိုး"

"အခုတော့ ကျွန်တော့်မှာ တွယ်တာစရာမရှိလို့ သေသွားလည်း မထူးတော့ပါဘူး။ ဒါပေမဲ့ ဒီအကြောင်းတွေကိုတော့ ဘယ်သူမှ မသိပါစေနဲ့။ ကတိပေးပါ ဒေါက်တာရယ်"

ဒေါက်တာသင်းကြည်သည် ခေါင်းကလေးကို ညိတ်လိုက်ပြီးနောက် "သူ့ကို ဘာပြုလို့ ဟိုအိမ်ကြီးကို ခေါ်သွားရတာတုန်း"

"ဒါ ကျွန်တော်ပိုင်တဲ့အိမ်ကြီးပဲ။ ဒီမှာ ဘယ်သူမှ မရှိမှန်းသိလို့ သူ့ကို ခေါ်ခဲ့ရတာ။ ကျွန်တော် ဦးဖေသော်ရဲ့ တစ်ဦးတည်းသား မောင်အောင်သော်ပါ"

ထိုအချိန်တွင် ဆရာဝန်ကြီးက လှမ်းကြည့်နေသဖြင့် သွားရန်ခေါ်သည့်သဘောဖြင့် ရပ်စောင့်နေခြင်းကို ရိပ်မိကာ ဒေါက်တာသင်းကြည်လည်း အောင်သော်၏အနားမှ ခွာခဲ့ရလေတော့သည်။

စစ်ကဲကြီး ဦးဖေသော်၌ တစ်ဦးတည်းသောသား မောင်အောင်သော် ရှိသည်ကို ထိုလမ်းထဲ၌နေသူများ သိကြသော်လည်း ခပ်ငယ်ငယ်ကသာ မြင်ဖူးကြသည်။ ဦးဖေသော် သေပြီးနောက်မှ တစ်ခါမျှ မတွေ့ကြတော့ပေ။ အောင်သော်လည်း ထိုအိမ်ကြီးသို့ ဖခင်ဆုံးပြီး ယခုပထမဆုံးအကြိမ် ပြန်၍ရောက်လာခြင်းဖြစ်သည်။

အောင်သော်သည် မိမိအကြောင်း လူအများသိသွားမည်ကို မပူ။ သူ၏ဇနီးသည်ကလေးအကြောင်း ဘယ်သူမျှမသိလျှင် စိတ်ချမ်းသာနိုင်ပေပြီ။ သို့နှင့် အောင်သော်သည် မိမိ၏အခြေအနေကို ထုတ်ဖော်ပြောကာ အထူးခန်းသို့ ပြောင်း၍ကုသရာက ရောဂါလည်း သက်သာလာလေသည်။

mgyoe.com

mgyoe.com

မိန်းကလေး၏အမှုမှာ ကိုယ့်ကိုယ်ကိုယ်သေနတ်နှင့်ပစ်၊ အဆိပ်ပါသောဆေးသောက်၍ သတ်သေခြင်းဖြစ်သည်ဟု ဆရာဝန်များ၏ အစီရင်ခံစာအရ အမှုပိတ်လိုက်လေတော့သည်။ အောင်သော်၏အမှုမှာလည်း အချိန်မတော် သွားလာခိုက် မတော်တဆ သေနတ်ပစ်ခံရခြင်းဖြစ်၍ စုံထောက်၍မရသော အမှုအဖြစ် ပိတ်လိုက်ရလေသည်။

အောင်သော်သည် ဆေးရုံမှ ဆင်းခဲ့ပြီး တစ်ပတ်ခန့်အကြာတွင် မသင်းကြည်ထံသို့ ရောက်၍လာလေ၏။

"ဒေါက်တာ... ကျွန်တော့်ကို မှတ်မိသေးလား"

"ကျွန်မ အမြဲသတိရနေပါတယ်ရှင်။ အခုကျန်းမာလာလို့ ဝတောင်လာတယ်"

"ဒါပေမဲ့ ကိုယ်ခန္ဓာက ဝေဒနာသာပျောက်တယ်၊ အသည်းထဲက ဝေဒနာက ပိုဆိုးနေတယ်။ ဒီဝေဒနာကို ဒေါက်တာ ကုနိုင်မလား"

ဒေါက်တာသင်းကြည်က အနည်းငယ် ရှက်အမ်းအမ်းသွားရာက ပြုံးရွှင်လာလေသည်။

"ရောဂါဝေဒနာသည်တစ်ဦးကို ကုသဖို့ဆိုတာ ဆရာဝန်ရဲ့ ဝတ္တရားပါပဲလေ"

ဒေါက်တာသင်းကြည်သည် သွေးတစိမ့်စိမ့် ယိုစီးပေါက်ကွဲနေသော အောင်သော်၏ အသည်းနှလုံးကို မေတ္တာဂါထာဖြင့် မန်းမှုတ်ပေးလိုက်လေတော့သည်။

သို့သော် အောင်သော်၏အတိတ်နှင့် တစ်ညချမ်းကအဖြစ်ကို မေ့ပျောက်ပစ်နိုင်ကြရန် ဖိုးစိန်လမ်းထဲမှ အိမ်ကြီးကို ပြင်ဆင်မွမ်းမံ၍ သံရုံးတစ်ခုသို့ ရောင်းချလိုက်ရလေတော့သည်။

မြဝတီမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၅၄

❑

mgyoe.com

# ပန်းတွေဝေလို့

လူလော၊ နတ်လော၊ ကြမ်းပိုးလော၊ ခါးပိုက်နှိုက်လော ဟု တွေးတောကွဲပြားခြားနား၍ သိသာနိုင်ရန် ခဲယဉ်းသောသူတစ်ယောက်သည် ဆူးလေဘုရားအနီး ဖိုက်စကွဲယား ပန်းခြံကြီးဘေးတွင် သံတိုင်များကိုမှီကာ လမ်းအသွယ်သွယ်ပေါ်၌ မောင်းနှင်သွားလာလျက်ရှိသော မိုး မော်တော်ကား၊ ဓာတ်ရထား၊ လန်ချားများကို စူးစိုက်ကြည့်ရှုကာ တစ်စုံတစ်ခုတွေးတောနေဟန်ရှိပေ၏။

ဟောင်းနွမ်းစုတ်ပြတ်လုနီးပါးမျှသော အဝတ်အစားများနှင့် တကွ မိဘ၏အမွေအနှစ်ဖြစ်သော ဤကိုယ်ကာယသည်သာလျှင် ငါတစ်ဦးတည်းပိုင် ပစ္စည်းများပါတကားဟု အောက်မေ့လျက် မေးအောက်မှစ၍ ခြေဖျားတိုင်အောင် တစ်ကိုယ်လုံးငုံ့ကြည့်ကာ အပေါ်အင်္ကျီပခုံးစုတ်နေသည်ကို တွေ့ရ၍ အဲသည်နေရာကို လက်ချောင်းများဖြင့် ဆွဲစိပြီးလျှင် တစ်ခုပေါ်တစ်ခုထပ်၍ တွယ်အပ်ဖြင့် ထိုးထားလိုက်လေ၏။ ထို့နောက် နှစ်သက်ခင်တွယ်စရာ အနည်းငယ်မျှမရှိ

mgyoe.com

 mgyoe.com 

သော ဖိနပ်ပျက်၏ ဘက်တစ်ဖက်တွင် ခြေသန်းတစ်ချောင်းသည် ဖိနပ်ကိုဖောက်၍ လေညင်းခံထွက်နေသည်ကို တွေ့ရသဖြင့် မိမိ၏ နုံနဲ့စုတ်ချာသောအခြေကို မရှုမမြင်လိုတော့၍ လမ်းပေါ်သို့ တစ်ဖန် မော်၍ကြည့်နေပြန်လေ၏။

ပုံအမျိုးမျိုး၊ နာမည်အမျိုးမျိုးနှင့် တစ်နှစ်လျှင် တစ်မျိုးဆန်းသည့် မော်တော်ကားအမျိုးမျိုးကို မြင်ရသောအခါ "အသက်မရှိတဲ့ မော်တော်ကားများတောင်မှ လူများ အဝတ်အစားအမျိုးမျိုးဝတ်ကြသလို ဒင်းတို့လည်း အရောင်အမျိုးမျိုး၊ စတိုင်အမျိုးမျိုးနဲ့ နေကြတာပဲ။ ကားပိုင်ရှင်များကလည်း တို့လို လူဇမ္ဗူမရှိဘူးဆိုတဲ့အနေမျိုးနဲ့ မြေလျှိုးမိုးပျံသလို စိတ်ကြီးဝင်နေကြတာပဲ။ တစ်နေ့နေ့တော့ ဒီကားကြီးတွေ အမှိုက်ပုံကို ရောက်ရသလို၊ ဒင်းတို့လည်း ခြေနင်းဖတ်အောက်က ဖုန်မှုန့်လောက်မှ အဖိုးမတန်တဲ့ဘဝ ရောက်ကြရဦးမှာပဲ။ မာနဆိုတာ ဖြူတယ်၊ မည်းတယ်ဆိုတာကိုမှ မသိရတဲ့ဘဝကို ရောက်နေရတော့တာပဲ" ဟု တွေးတောရင်း သက်မကြီး ချလိုက်လေ၏။

မကြာမီ ခြေနှစ်ဖက် မသန်မစွမ်းဘဲ အင်္ဂါချို့တဲ့နေသော သူတောင်းစားတစ်ယောက်သည် လက်နှစ်ဖက်ကို အားထောက်အားကိုးပြု၍ ဖင်ရွှေ့ကာ လျှောက်လာပြီးလျှင် ထိုသူအနားသို့ရပ်ကာ လက်နှစ်ဖက်စလုံး ဆန့်တန်းပြီးလျှင် ပိုက်ဆံတောင်းလေ၏။ သူတောင်းစားကြီး၏ သနားဖွယ်ပြောဆိုသောအသံသည် ထိုသူ၏ နားထဲမှဝင်ကာ ရင်ထဲတွင်ဆို့ပြီးလျှင် အလိုအလျောက် ၎င်း၏လက်သည် အိတ်ထဲသို့ ဝင်သွားလေ၏။ လက်ချောင်းများသည် အိတ်ထဲ၌ မွှေနှောက်၍ရှာဖွေနေရင်း လက်ညှိုးတစ်ချောင်းသည် အိတ်ပေါက်မှ ထွက်ပြူ၍ ကြည့်လေ၏။ သူတောင်းစားကြီးသည် အိတ်ပေါက်ထဲမှ ထွက်လာသော လက်ညှိုးကို ကြည့်နေစဉ် ထိုသူက မိမိ၏လက်ညှိုးကို

mgyoe.com

mgyoe.com


ကွေးကောက်ဆန့်တန်းကာ အတွင်းသို့သွင်းလိုက်၊ အပြင်သို့ ထုတ်လိုက်နှင့် မျက်လှည့်ပြသလို ပြုလုပ်ပြလေ၏။ သူတောင်းစားကြီးသည် ပိုက်ဆံမရှိသောသူနှင့် တွေ့မိလျက်သား ရှိသည်ကိုသိ၍ ဖင်ရွှေ့ကာ ဆက်လက်ထွက်သွားလေ၏။ ထိုသူသည် သူတောင်းစားကြီးကို ကြည့်ရင်း "လောကကြီးဟာ လူချမ်းသာချည့်နေကြတာမဟုတ်၊ ငါလို လူမျိုး ငါထက်ဆိုးတဲ့ လူမျိုးပေါင်း ထောင်သောင်းမက နေကြတာပါကလား။ ငါ ဘာမှဝမ်းနည်းစရာမရှိဘူး" ဟု တွေးတောကာ မိမိ၏ စိတ်နှလုံးကို တင်းလိုက်လေ၏။

တစ်မိနစ်၏ အစိတ်အပိုင်းမျှဖြစ်သော အချိန်ကာလအတွင်း၌ မြန်မာအဆွေတိုက်ထဲမှ လူတစ်ယောက်သည် ပစ္စည်းတစ်စုံတစ်ရာကို ဝယ်ယူထွက်လာသည်ကို မြင်ရသဖြင့် ကျွန်ုပ်တို့၏ အမည်မသိ မိတ်ဆွေ ကြမ်းပိုးသည် ထိုသူ၏ နောက်သို့လိုက်ကာ "ကိုထွန်းမြိုင် ကိုထွန်းမြိုင်" ဟု ခေါ်လေ၏။ ထွန်းမြိုင်သည် နောက်သို့ လှည့်ကြည့်ကာ ရပ်နေလေ၏။ "ကိုထွန်းမြိုင် ခင်ဗျား ကျွန်တော့်ကို မှတ်မိရဲ့လား" ဟု မေးလေ၏။ ထွန်းမြိုင်သည် ခေါင်းခါလေ၏။

"ဘကျော်လေ၊ စိန်ပေါကျောင်းတုန်းက အတူတူနေခဲ့ဖူးတာလေ"

ထွန်းမြိုင်သည် မျက်နှာထားမပြောင်းဘဲ ဘကျော်၏အဝတ်အစားနှင့်တကွ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးကြည့်ပြီး အဖက်မတန်သောသူကဲ့သို့ မျက်နှာရှုံ့ကာ "ဘကျော်ဆိုတာ မှတ်လည်းမမှတ်မိဘူး၊ သိလည်းမသိဘူး၊ စံထွန်းခိုင်ဆိုတာတော့ သိတယ်"

"ထွန်းမြိုင်၊ မင်းနဲ့ ငါနဲ့ ဟိုတုန်းက ဘယ်လောက်ချစ်ခင်ကြသလဲ၊ အခုတော့ ငါ့မှာ ကလေကဝအဖြစ်မျိုးရောက်နေလို့ အဖက်တောင်မလုပ်တာ ငါ မင်းဆီက ပိုက်ဆံရမလားမျှော်ကိုးလို့ နှုတ်ဆက်

mgyoe.com

mgyoe.com


တာမဟုတ်ဘူး။ မင်းကို ငါ ချစ်သလောက် ငါ့အပေါ်မှာ မင်းမချစ်ပါကလား”ဟု အောက်မေ့တွေးတောကာ ဘကျော်သည် ဆက်လက်လမ်းလျှောက်လာပြီး ထွန်းမြိုင်ဆိုသည့်နာမည်ကိုပင် တစ်ခါတည်းမေ့ပျောက်ပစ်လိုက်လေ၏။

ထိုသို့ လမ်းလျှောက်လာရင်း တောင်းတစ်လုံးကို ခေါင်းစွပ်ကာ ဟိုယမ်းသည်ယမ်းပြုလုပ်လာသော ဂေါ်ရင်ဂျီကုလားကလေးတစ်ယောက်နှင့် ဝင်၍တိုးမိသဖြင့် ထိုကုလားကလေးကို လှည့်၍ ကြည့်ရှုကာ ရပ်နေလေ၏။ ကြည့်ရင်းကြည့်ရင်းပင် ထိုကုလားကလေးသည် ပန်းရောင်းလာသော မိန်းကလေးတစ်ယောက်၏အနားသို့ကပ်ကာ ဗျက်ထဲသို့ ဆတ်ခနဲ လက်ထိုးသွင်းကာ ထွက်ပြေးသည်ကိုမြင်ရပြီးလျှင် သူခိုး သူခိုးဟု ပန်းသည်မကလေး အော်လိုက်သည်ကိုကြားရလေ၏။ ဘကျော်သည် ရုတ်တရက်ပြေးကာ ဂေါ်ရင်ဂျီ ခါးပိုက်နှိုက်ကလေးကို ဖမ်းဆီးပြီး ၎င်းလက်ထဲရှိ ပိုက်ဆံများကိုယူကာ ကုလားကလေးကို ရိုက်နှက်လိုက်လေ၏။

ပန်းသည်မကလေးသည် အရမ်း အလမ်းလမ်းကို ဖြတ်ကျော်၍ ပြေးလာရာ မော်တော်ကားတစ်စီးရှေ့တွင် မှောက်လျက်လဲလေ၏။ ကားသမားသည် ဘရိတ်ဖမ်းလိုက်သည်မှာ အလျှင်ဦး၍သွားသဖြင့် မနင်းမိဘဲရှိလေ၏။ ပန်းထည့်သည့် ဗန်းကလေးမှာ ဘိန်းလှိမ့်သလို လိမ့်ကာ လမ်းတစ်ဖက်သို့ ရောက်သွားလေ၏။ မိန်းကလေး၏ ဘေးပတ်လည်မှာ ပန်းတွေပြန့်ကျဲလျက် ပန်းမွေ့ရာခင်းဘိသကဲ့သို့ ရှိလေ၏။ ဒရိုင်ဘာသည် ကားကို နောက်သို့ ဆုတ်လိုက်လေ၏။

လူလေးငါးဆယ်ယောက်ခန့် ဝိုင်းအုံလာကြလေ၏။ ဘကျော်သည် လဲနေသော မိန်းကလေးကို ဆွဲ၍ထူလေ၏။ ဒရိုင်ဘာသည် ကားပေါ်မှ ဆင်းလာပြီးလျှင် “ဘာဖြစ်သွားသလဲ”ဟု မေးရာ “ဘာမှ

mgyoe.com

m.gyoe.com

မဖြစ်ပါဘူး" ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် မိမိနှင့် ဘာမှမသက်ဆိုင်တော့သည့်အလား ကြင်နာခြင်းကင်းမဲ့သည့်အမူအရာနှင့် ကားပေါ်သို့တက်၍ မောင်းနှင်ကာ ထွက်သွားလေ၏။ ဝိုင်းအုံလာကြသောသူများအထဲမှ "သေမှ မသေသေးဘဲ" ဟူသော အစိမ်းသေထံ (၃၆) ကောင်ပေါက်ကောင် တောင်းရန် အားခဲထားသည့် အသံတစ်ခုသည် ထွက်ပေါ်လာပြီးလျှင် မသေသည်ကို မကျေနပ်သည့်မျက်နှာများဖြင့် ထွက်ခွာသွားကြလေ၏။ ဤလောကကြီးသည် ကြင်နာခြင်းကင်းမဲ့လှဘိ၏တကား။

ဘကျော်သည် ဗန်းကလေးကို ကောက်ယူပြီး လွင့်ကြဲလျက်ရှိသော ပန်းများကို တစ်ပွင့်စီ ညီညာစွာစီ၍ ထည့်ပြီးနောက် ပိုက်ဆံများကို ကောက်၍ မိန်းကလေး၏လက်ထဲသို့ပေးရာ ပန်းသည်မကလေးသည် လက်လှမ်းသည့်ဘက်သို့ လက်မကမ်း၊ တစ်ဖက်သို့ လက်ဖြန့်ကာခံလေရာ ဘကျော်သည် အံ့အားသင့်ပြီး ကြည့်နေလေ၏။ ထို့နောက် မိန်းကလေး၏ မျက်စိရှေ့တွင် မိမိ၏လက်ချောင်းများထောင်ကာ လှုပ်ရှား၍ပြပြီးလျှင် မိန်းကလေး၏မျက်လုံးကို သေချာစွာ စိုက်ကြည့်လျက် "မင်း မျက်စိမမြင်ရဘူးလား" ဟု မေးလေ၏။ ပန်းသည်မကလေးသည် ညှိုးငယ်သောမျက်နှာကလေးနှင့် "ဟုတ်ကဲ့" ဟု ပြန်ပြောလေ၏။ ဘကျော်သည် ၎င်း၏လက်ကလေးကို ဆွဲကိုင်၍ လက်ဝါးထဲသို့ ပိုက်ဆံများ ထည့်ပေးလေ၏။ လက်ကလေးကို ကိုင်ရသည်နှင့်တစ်ပြိုင်နက် ဘကျော်မှာ နတ်ဖမ်းစားခံရသလို တုန်တုန်ယင်ယင်ဖြစ်မိလေ၏။

"မင်းထနိုင်ရဲ့လား"

မိန်းကလေးသည် ထရန် အားယူပြီးလျှင် မထနိုင်သည့်အနေဖြင့် ပြန်၍ထိုင်ကာ "ကျွန်မခြေထောက် အကြောထုံးသွားတယ်ထင်

mgyoe.com